ရှင်ယုဒ၏ဩဝါဒစာ။

1 ယေရှု ခရစ် ၏ ကျွန် ဖြစ်သောယာကုပ် ညီ
ငါယုဒ သည် ခမည်းတော် ဘုရားသခင် သန့်ရှင်း စေ
တော်မူ၍၊ ယေရှု ခရစ်
ခေါ် ထားစောင့်မ တော်မူသောသူတို့ကို ကြားလိုက်
ပါ၏။
2 သင် တို့၌ကရုဏာ ရှိပါစေသော။ ငြိမ်သက် ခြင်းနှင့်
ချစ် ခြင်းများပြား ပါစေသော။
3 ချစ်သူ တို့၊ အညီအမျှဆက်ဆံသော ကယ်တင် ခြင်း
အကြောင်း အရာကို သင် တို့ထံသို့ရေး ၍ ပေးလိုက် ခြင်း
ငှာငါ သည်အလွန် ကြိုးစား သည်တွင်၊ သန့်ရှင်း သူတို့၌
အထက် ကအပ်ပေး ခဲ့ပြီးသော ယုံကြည် ခြင်းတရား
ဘက်မှာ သင် တို့သည် ကြိုးစား ၍တိုက်လှန်စေခြင်းငှာ
နှိုးဆော် သွေးဆောင်၍ ရေး
လိုက်ရသောအကြောင်း ရှိ ၏။
4 အဘယ်ကြောင့် နည်းဟူမူကား၊ ငါ တို့ဘုရားသခင်
၏ ကျေးဇူး တော်ကို ကိလေသာ
၏ ညစ်ညူး ခြင်းအလိုငှာမှောက်လှန် လျက်၊ တစ်ပါး
တည်း အစိုးရတော်မူသောအရှင် ၊ ငါ တို့သခင်
ယေရှု ခရစ် ကို ငြင်းပယ် လျက်၊ အပြစ် ခံစေခြင်းငှာ
ရှေး ကစီရင်

မှတ်သားနှင့်သောအဓမ္မလူ အချို့ တို့သည် ပရိယာယ်
နှင့် အမှတ်တမဲ့ဝင်ကြပြီ။
5 ထို့ကြောင့်သင် တို့သည်သိ နှင့်သော်လည်း ငါသည်
သတိပေး
၍ ပြောချင် သော အကြောင်း အရာ ဟူမူကား
၊ ထာဝရ
ဘုရားသည် ဣသရေလ လူ
တို့ကို အဲဂုတ္တုတု
ပြည် မှ
ကယ်လွှတ် တော်မူပြီးလျှင်၊ မ
ယုံကြည် သော သူ
တို့ကိုတဖန်
ဖျက်ဆီး တော်မူ၏။
6 ထိုမှတပါး၊ မိမိ
တို့အခွင့် အရာကိုမ စောင့် ၊ မိမိ
တို့ နေရာ
အရပ်ကို စွန့်ပစ် သော ကောင်းကင်တမန် တို့ကို၊ ကြီး
စွာ သောနေ့ ၌ စစ်ကြော စီရင်ခြင်းအလိုဌာ ၊ ထာဝရ
ချည်နှောင် ခြင်းအားဖြင့် မှောင်မိုက် ထဲမှာချုပ် ထား
တော်မူ၏။
7 ထိုနည်းတူ ၊ သောဒုံ
မြို့နှင့်
ဂေါ မော ရ မြို့ မှ စ၍ ပတ်ဝန်းကျင် ၌ ရှိ သော မြို့
တို့သည်၊ အထက်က ဆိုခဲ့ပြီး သော လူဆိုးကဲ့သို့

မ တရား သော မေထုန်ကိုအလွန်ပြု၍ ကိုယ်ခင်ပွန်း
မဟုတ်သော သူတို့နှင့်မှားယွင်းခြင်းအမှု၌ ကျင်လည်
သောကြောင့်၊ ထာဝရ
မီး နှင့်ကျွမ်းလောင် ခြင်း ဒဏ်ကိုခံရ ၍ ပုံ
သက်သေထင်ရှား လျက်ရှိကြ၏။
8 ယခု ယောင်ယမ်း သောအဓမ္မလူတို့သည်၊ ရှေးနည်း
တူ မိမိတို့ ကိုယ် ကိုညစ်ညူး စေ၍၊ အာဏာစက်
ကိုပယ် လျက် ၊ ဘုန်း တန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့
တတ်ကြ၏။
9 ကောင်းကင် တမန် မင်းမိုက္ခေလ မူကား ၊ မောရှေ
၏ ကိုယ် ကို အကြောင်း ပြု၍ မာရ်နတ် နှင့်
ငြင်းခုံ သောအခါ ၊ ကဲ့ရဲ့
စွာသော ပြစ်တင် ခြင်းကိုမ ပြု ဝံ့ဘဲ၊ ထာဝရ
ဘုရားသည် သင့် ကိုဆုံးမ တော်မူစေသတည်းဟူ၍သာ
ပြောဆို ၏။
10 ထိုသူ တို့မူကား ၊ မိမိတို့နား
မ လည်သောအရာ များကို ကဲ့ရဲ့
တတ်ကြ၏။ တိရစ္ဆာန် ကဲ့သို့ ပကတိ အတိုင်းမိမိတို့
နားလည် သော အရာ
များဖြင့်
မိမိတို့ကိုပုပ်ပျက် စေတတ်ကြ၏။
11 သူ တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊
ကာဏ္ဏန်

နောက် သို့လိုက်ကြ၏။ အခ
ကိုရခြင်းဌာဗာလမ် မှားယွင်း သက့ဲသို့အလွန်မှားယွင်း
ခြင်းရှိကြ၏။ ကောရ
၏ငြင်းခုံ ခြင်းအပြစ်နှင့်
ဖျက်ဆီး ခြင်းသို့ရောက် ကြ၏။
12 မေတ္တာ ပွဲလုပ် ၍ သင် တို့နှင့်အတူစား သောက်
သောအခါ အားမနာ
ဘဲ၊ မိမိ
တို့ကိုဝ စွာကျွေး၍ ပွဲ၌ အစွန်းအကွက် ဖြစ်ကြ၏။ ရေ
မရှိ၊ လေ
တိုက်၍လွင့် သော မိုးယ်းတိမ် က့ဲသို့ရင်း၊ ညှိုးနွမ်း ၍
အသီး
မတင်၊ နှစ် ကြိမ် သေ
၍ နှုတ် ပစ်သော သစ်ပင် က့ဲသို့ရင်း၊
13 မိမိ ရှက် ခြင်းအကြောင်းကို ပွက် စေတတ်သော
လှိုင်း တံပိုးရိုင်း က့ဲသို့ရင်း၊ ကြယ် ပျံ က့ဲသို့ရင်းဖြစ်ကြ၏။
ထို ကြယ်ပျံတို့အဘို့တခဲနက် သော ထာဝရ
မှောင်မိုက် ကို သိုထား လျက်ရှိ၏။
14 အာဒံ မှ ဆင်းသက်၍ ခုနှစ် ဆက်မြောက်သောသူ
ဧနောက် က၊ ထာဝရ
ဘုရားသည် ခပ်သိမ်း သော သူ
တို့ကို တရား
စီရင်တော်မူ၍ ၊ မတရား
သောသူတို့သည် မတရား

သဖြင့် ပြုသောအဓမ္မအမှု ရှိသမျှ တို့၏ အပြစ်ကိုဝင်း၊ မတရား

သောလူဆိုး တို့သည် ဘုရားသခင် ကို ပြစ်မှား ၍ ပြော

သောကြမ်းတမ်း သော စကား ရှိသမျှ တို့၏ အပြစ် ကို ဖော်ပြ ခြင်းငှာ၊

15 အတိုင်းမသိများစွာသော မိမိ

သန့်ရှင်း သူတို့နှင့်တကွ ကြွလာ တော်မူလိမ့်မည်ဟု ပ

ရောဖက် ပြု၍

ဟောပြော လေ၏။

16 ထိုသူ တို့သည် မြည်တမ်း ၏ အပြစ်တင် တတ်သော

သူ၊ ကိုယ် တပ်မက် ခြင်းအတိုင်း

ကျင့် တတ်သောသူ၊ ထောင်လွှား သော စကား

ကိုပြော တတ်သောသူ ၊ ကိုယ် အကျိုးစီးပွားကြောင့်

သူ့မျက်နှာ ကို ထောက်ထား ခန့်ညားတတ်သော သူဖြစ်

ကြ၏။

17 ချစ်သူ တို့၊ နောက်ဆုံး သောကာလ ၌ ၊ မိမိ

တို့မတရား သော တပ်မက် ခြင်းအတိုင်း

ကျင့် နေ၍၊ ပြက်ယယ်ပြု တတ်သော သူတို့သည် ပေါ်

ကြလိမ့်မည်ဟု

18 ငါ တို့သခင် ယေရှု ခရစ် ၏ တမန်တော် တို့သည်

ဟောပြော နှင့်သော စကား

များကိုအောက်မေ့ ကြလော့။

19 ထို သူတို့သည်သင်းခွဲ သောသူ ၊ ဝိညာဉ် တော်နှင့်

ကင်း သော ဇာတိ
ပကတိလူဖြစ် ကြ၏။
20 ချစ်သူ တို့၊ သင် တို့သည် မိမိ
တို့အလွန် သန့်ရှင်းသော ယုံကြည် ခြင်းအပေါ်မှာ မိမိ
တို့ကို တည်ဆောက် လျက်၊ သန့်ရှင်း သောဝိညာဉ် တော်
အားဖြင့် ဆုတောင်း ပဌနာပြုလျက်၊
21 ဘုရားသခင် ကို ချစ် ခြင်းမေတ္တာ၌
ကိုယ်ကိုကိုယ် စောင့်ရှောက် ၍ ထာဝရ
အသက် အလိုဌာ ၊ ငါ တို့သခင်
ယေရှု ခရစ် ၏ ကရုဏာ
တော်ကို မြော်လင့် ၍ နေကြလော့။
22 ပိုင်းခြား ၍သိတတ်သော ဉာဏ်ရှိ၍
အချို့ တို့ကို သနား ကြလော့။
23 ကိုယ် ကာယနှင့် ညစ်ညူး စွန်းကွက်သော အဝတ်
ကိုပင်
စက်ဆုပ် ရွံရှာ၍ ကြောက်ရွံ့ ခြင်းနှင့်တကွ ၊ အချို့
တို့ကို မီး
ထဲမှ
ဆယ် နှုတ်ကယ်တင် ကြလော့။
24 ထိမိ ၍ လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း
သင် တို့ကို စောင့်ရှောက် ခြင်းဌာဏင်း၊ အပြစ် မရှိဘဲ
ဝမ်းမြောက် ခြင်းနှင့်
ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်း အသရေတော်ရှေ့

ဌ် ဆက်သ ခြင်းဌာဏင်း တတ်နိုင် တော်မူသော သူ တည်း
ဟူသော။
25 ငါ တို့ကို ကယ်တင် တော်မူသောအရှင်၊ တဆူတည်း
သောဘုရားသခင် သည်၊ ငါ တို့သခင် ယေရှု ခရစ်
အားဖြင့် ၊ ယခု
မှစ၍ကမ္ဘာ
အဆက်ဆက်ဘုန်း တန်ခိုး အာနုဘော် နှင့်
အစွမ်းသတ္တိအာဏာစက် ရှိတော်မူစေသတည်း အာမင်

မြန်မာကျမ်းစာ

The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-07-28

PDF generated using Haiola and XeLaTeX on 1 Oct 2024 from source files dated 14 Aug 2024
5602fb7e-6c4f-5434-acb0-8e67903ea45f